European project "Environmental protection and sustainable development: building local capacities on solid waste management in Myanmar"

**ပတ်ဂန်းကျင်ကာကွယ်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ။**
**မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုများအား ဒေသတွင်းစွမ်းရည်မြှင့်တင်ခြင်း**

# စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိအမြင်မြင့်မားရေး အမှုအကျင့်ကောင်းများ မဟာဗျူဟာ





# ပတ်ဝန်းကျင်ကာကွယ်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ဒေသတွင်းစွမ်းရည်များတည်ဆောက်ရေး

**ရည်ညွှန်း ။ Europe Aid/132216/L/ACT/MM**

**DCI-NSAPVD/2012/310-773**

## စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိအမြင်မြင့်မားရေး အမှုအကျင့်ကောင်းများ မဟာဗျူဟာ

-------

## ကျိုးကြောင်းဖော်ပြချက်

ဤလေ့လာမှု၏ နယ်ပယ်မှာ အသိအမြင်မြင့်မားရေးလှုပ်ရှားမှု ၃-နှစ်တာကာလအတွင်း ဆောင်ရွက်မည့် လုပ်ငန်းအားလုံးအတွက် ကိုးကားမှုယေဘုယျမူဘောင်တစ်ရပ်ကို သတ်မှတ်ရန် ဖြစ်သည်။ အသိအမြင်မြင့်မားရေး လှုပ်ရှားမှုတိုင်းကို မဟာဗျူဟာတွင် ဖော်ပြထားသော လွှမ်းခြုံသည့် အခြေခံမှုများနှင့် ထည့်သွင်းစဉ်းစားမှုများကို ရည်ညွှန်းကိုးကား၍ ရေးဆွဲချမှတ်မည် ဖြစ်သည်။

မဟာဗျူဟာတွင် အခြေခံမှုများ ၃-နှစ်အတွင်း ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် လုပ်ငန်းများ၊ ပါဝင်ဆောင်ရွက်သူများ၏ဆန်းစစ်ချက်အတိုချုပ်၊ ကန့်ပိန်း၏ အဓိကကျသောသတင်းစကားများ၊ ဆက်စပ်သော အသုံးအဆောင်ကိရိယာများနှင့် စောင့်ကြည့်ကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ သင်ယူခြင်းနှင့် မျှဝေခြင်း မူဘောင်အတွင်း အသိအမြင် မြင့်မားရေးလှုပ်ရှားမှု မည်သို့ ဖွံ့ဖြိုးတိုးတက်ဆောင်ရွက်ရန်တို့ ပါဝင်သည်။

မဟာဗျူဟာကို CESVI ၊ SWM အဖွဲ့က PCCD နှင့် အခြားသော လုပ်ဖော်ကိုင်ဘက်များနှင့် ဆွေးနွေးတိုင်ပင်ကာ ရေးဆွဲပြုစုခြင်း ဖြစ်သည်။

မဟာဗျူဟာသည် အသိအမြင်မြင့်မားရေးလှုပ်ရှားမှု ပေါင်းစပ်ညှိနှိုင်းရေးမှူးနှင့် ၎င်းတို့အဖွဲ့ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုကို စီမံလျာထား အကောင်အထည်ဖော်သောအခါတွင် ကိုးကားရမည့် အရေးပါသော စာရွက်စာတမ်းဖြစ်သည်။ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုဆောင်ရွက်စဉ်အတွင်း ရရှိသောအတွေ့အကြုံပေါ်တွင် အခြေခံကာ လိုအပ်သောပြောင်းလဲမှုများ ထည့်သွင်းစဉ်းစားရန်ရှိပါက စီမံကိန်း၏ တစ်နှစ်ကုန်ဆုံးချိန်တိုင်းတွင် ပြန်လည်သုံးသပ်၍ ပြင်ဆင်နိုင်ပါသည်။

## မဟာဗျူဟာအခြေခံမှုများ

အသိအမြင်မြင့်မားရေး လှုပ်ရှားမှုမဟာဗျူဟာကို တိကျရှင်းလင်းသော အခြေခံမှုအနည်းငယ်ပေါ်တွင် ချမှတ် ပါသည်။

**(၁) အသိအမြင်မြင့်မားရေးလှုပ်ရှားမှုသည် လူအများလှုံ့ဆော်မှု၊ ကြိုတင်ကာကွယ်မှုနှင့် အကောင်းဆုံးအလေ့အကျင့်များရယူမှုတို့ အပေါ်တွင် ဗဟိုပြုထားသည်။**

(၂) **အသိအမြင်မြင့်မားရေးလှုပ်ရှားမှုသည် မကောင်းသော အလေ့အကျင့်များ၏ အန္တရာယ်ရှိမှုများနှင့် အသိအမြင် ပွင့်လင်းလာစေခြင်းထက် အပြုသဘောဆောင်သော သတင်းများကိုသာ ပိုမိုသရုပ်ဖော်ထားသည်။**

(၃) **IEC ပစ္စည်းများနှင့် အသုံးအဆောင်ကိရိယာများအား အောက်ပါအချက်များကိုအခြေခံကာ ဒီဇိုင်းထုတ်မည်ဖြစ်သည် -**

(က) **IEC ပစ္စည်းအားလုံးနှင့် လှုပ်ရှားမှုဖြစ်ရပ်များအားလုံးတွင် အကြိမ်ကြိမ် အသုံးပြုမည့် စီမံကိန်းကြွေးကြော်သံတစ်ခု**

(ခ) **ယခင်ကရေးဆွဲထားသော ကာတွန်းရုပ်ပုံဒီဇိုင်းများကို လှုပ်ရှားမှုတစ်လျှောက် အသုံးပြုရန်**

(၄) **IEC ပစ္စည်းများကို လူတိုင်းနားလည်မှတ်မိလွယ်သော ရိုးရိုးရှင်းရှင်း မြန်မာဘာသာစကားဖြင့် အသုံးပြုမည် ဖြစ်သည်။**

(၅) **စီမံကိန်း၏ အဓိကကြွေးကြော်သံမှာ "သန့်ရှင်း၊ ကြော့မော့၊ အမှိုက်လျှော့ပါ" (အင်္ဂလိပ်ဘာသာဖြင့် - "Be clean, be smart and reduce the waste") ဟူ၍ ဖြစ်သည်။ စီမံကိန်း လုပ်ဖော်ကိုင်ဘက်များက ဤကြွေးကြော်သံကို လိုရင်းတိုရှင်းနှင့် လူတိုင်းမှတ်မိလွယ်ကာ အဓိပ္ပာယ်ပြည့်ဝသောကြောင့် ရွေးချယ်ခဲ့ကြခြင်း ဖြစ်သည်။**

(၆) **အသိအမြင်မြင့်မားရေးလှုပ်ရှားမှုအတွင်း မီဒီယာနှင့် အင်တာနက်တို့သည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သည်။**

(၇) **အသိအမြင့်မြင့်မားရေးလှုပ်ရှားမှုသည် တာမွေ၊ သဃ်န်းကျွန်းနှင့် လှိုင်သာယာဟူသော စီမံကိန်း သတ်မှတ်မြို့နယ်များကိုသာ ဗဟိုပြုသော်လည်း ယင်း၏ လုပ်ငန်းကို ရန်ကုန်မြို့သူမြို့သားများ အပြင် အားလုံးအထိ တိုးချဲ့ရန် ရည်ရွယ်သည်။**

## လုပ်ငန်းများ (အဆိုပြုလွှာအရ)

မြို့တော်တွင် SWM ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၎င်းတို့၏ စီမံချက်တွင် ကြိုတင်ရည်ရွယ်ထားပြီး ဖြစ်သကဲ့သို့ အသိအမြင်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်ရန် PCCD အား ပိုမိုတိုးတက်ကောင်းမွန်သော အသုံးအဆောင် ကိရိယာများနှင့် နည်းစနစ်များကို ဖြည့်ဆည်းပေးရန် စီမံကိန်းသည် ရည်ရွယ်သည်။ ထို့ကြောင့် PCCD ဝန်ထမ်းသည် ၎င်းတို့၏ သင်ယူမှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အသိအမြင်မြင့်မားရေး လှုပ်ရှားမှုတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မည်ဟု မျှော်လင့်ရသည်။

ထိုအသိအမြင်မြင့်မားရေးလှုပ်ရှားမှုတွင် အောက်ပါလုပ်ငန်းများ ပါဝင်သည်။

- IEC ပစ္စည်းများထုတ်လုပ်ခြင်းနှင့် PCCD နည်းပြများအား သင်တန်းပေးခြင်း
- ကျောင်းစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနေ့များ
- ရပ်ရွာလူထုစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုနေ့များ
- စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ နှီးဆောင်မှုများ
- ရေဒီယို (သတင်းစာနှင့် တီဗီကိုရွေးချယ်နိုင်သည်) လှုပ်ရှားမှုများ၊

အသိအမြင်မြင့်မားရေးလုပ်ငန်းများကို CESVI က PCCD နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့၏ ကြိုတင်ပြင်ဆင်မှုကို ပထမနှစ်၏ နောက်ဆုံး ၃-လပတ်တွင် စတင်သည်။

**IEC ပစ္စည်းထုတ်လုပ်မှု။** CESVI သည် ဆီလျော်သော သတင်းပညာရေးနှင့် ဆက်သွယ်ရေး (IEC) ပစ္စည်းများကို ကြိုတင်ပြင်ဆင်၊ ဒီဇိုင်းပြုစုရေးအတွက် အတိုင်ပင်ခံပုဂ္ဂိုလ် ၁-ဦးအား နှစ်တိုင်း တစ်နှစ်လျှင် ရက်ပေါင်း ၂၀ ခွင့်ပြုမည် ဖြစ်သည်။ ဆောင်ရွက်ရမည့် အဓိကအမြင်များ/အကြောင်းအရာများတွင် စက်မှုစွန့်ပစ်ပစ္စည်းများနှင့် ပတ်ဝန်းကျင် ယိုယွင်းမှု၊ ပတ်ဝန်းကျင်ယိုယွင်းမှုနှင့် လူသားကျန်းမာရေးအားထိခိုက်မှု၊ ကောင်းမွန်သော 3R အလေ့အကျင့်များ အထူးသဖြင့် စွန့်ပစ်ပစ္စည်းများအား သီးခြားစီခွဲခြားမှုနှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်မှု၏ မှန်ကန်သောနည်းလမ်းများ၊ အဆိုပါ အနစ်သာရကို စွန့်ပစ်ပစ္စည်းများ၏ စီးပွားရေးတန်ဖိုးတွင် ထည့်သွင်းမှုတို့ ပါဝင်သည်။ ပုံစံအမျိုးမျိုးသော IEC ပစ္စည်းများ (လက်ကမ်းစာစောင်၊ ပိုစတာ/အများသိအောင်ကြေငြာမှု၊ ကျောင်းသားငယ်များအတွက် ပညာရေး အသုံး အဆောင်များ၊ မြင်နိုင်သော အမျိုးအစားများအတွက် သတင်းများ၊ လက်စွဲစာစောင်များ၊ ရေဒီယိုအသံလွှင့်ချက်နှင့် အစီအစဉ်များ) ကို ထပ်မံဖြန့်ဝေရေးနှင့် PCCD အတွက် အရင်းအမြစ်တခုအဖြစ်ထုတ်လုပ်မည် ဖြစ်သည်။

**PCCD TOT ။** ပုံမှန်အားဖြင့် ခရိုင်အလိုက် ဆောင်ရွက်နေသော ကျောင်းများနှင့် အများပြည်သူဆိုင်ရာ နေရာများတွင် အသိအမြင်မြှင့်တင်ရေး လုပ်ငန်းများ၌ တာဝန် ယူနေကြသော PCCD နည်းပြ ၂၀-ဦး အတွက် TOT သင်တန်းများကို စီစဉ်မည်။ CESVI က စီစဉ်ပြီး စာချုပ်ချုပ်ဆိုထားသော နည်းပြတစ်ဦးကပို့ချသည့် သင်တန်းများသည် ၂-ရက်ကြာမြင့်ပြီး တစ်နှစ်လျှင် တစ်ကြိမ် ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်း၏ ပို့ချသောအကြောင်းအရာများသည် ဆက်သွယ်ရေး/အသိအမြင် မြင့်မားရေး အသုံးအဆောင်ကိရိယာများ၊ ကျွမ်းကျင်မှုများနှင့် နည်းပညာများအပြင် အထက်တွင်ဖော်ပြခဲ့သော သီးခြားအကြောင်း အရာများကို အလေးပေးသွားမည်ဖြစ်သည်။ သင်တန်းတက်ရောက်သူများသည် ကျောင်းများနှင့် အများပြည်သူဆိုင်ရာ နေရာများရှိ အသိအမြင်မြှင့်တင်ရေးလုပ်ငန်းများတွင် အဓိကအကောင်အထည်ဖော်သူများအဖြစ် ပါဝင်ဆောင်ရွက် ကြမည်ဖြစ်သည်။ ထို့ပြင် ၎င်းတို့သည် စက်မှုပစ္စည်းစွန့်ပစ်ရေး စီမံခန့်ခွဲရေးနှင့် ချိတ်ဆက်နေသော သီးခြား သဘောထားအမြင်များနှင့် ပြဿနာများကိုဖြေရှင်းရန် စီမံကိန်းကစီစဉ်ပေးသည့် စက်မှုဇုန်များအတွက် အလုပ်ရုံ ဆွေးနွေးပွဲများ အောင်မြင်ပြီးစီးရေးကိုလည်း ကူညီပံ့ပိုးကြမည် ဖြစ်သည်။

**ကျောင်းအသိအမြင်မြင့်မားရေးနေ့များ။** ကျောင်းအသိအမြင်မြင့်မားရေးနေ့များကို သတ်မှတ်ထားသော ၃-မြို့နယ်ရှိ မြို့နယ်တစ်မြို့နယ်စီမှ အဆင်းရဲဆုံးရပ်ကွက်များမှ မူလတန်းနှင့် အလယ်တန်းကျောင်း (၅-နှစ်မှ ၁၃-နှစ်) ၄၀ ကို ဦးတည်မည် ဖြစ်သည်။ သင့်တော်သော ပညာရေးဆိုင်ရာ အသုံးအဆောင်များ၊ ရိုးရှင်းသော ပစ္စည်းကိရိယာများ ကစားပွဲများနှင့် လက်စွဲစာအုပ်များကို အသုံးပြုဆောင်ရွက်မည်ဖြစ်ရာ ကျောင်းတစ်ကျောင်းလျှင် ကျောင်းသား ၁၀၀ နှုန်းဖြင့် စုစုပေါင်း ၄၀၀၀ အထိ လွှမ်းခြုံနိုင်မည် ဖြစ်သည်။ အသိအမြင်မြင့်မားရေး နည်းစနစ်များကို ရွယ်တူအချင်းချင်း ဆက်သွယ်ရေး (ကလေးငယ်အချင်းချင်း) နှင့် "ကလေးငယ်မှ မိဘသို့" ဟူသော ချဉ်းကပ်နည်းကို အခြေခံမည်ဖြစ်ပြီး သတ်မှတ်ထားသည့် ကျောင်းသားများ၏ မိသားစုများအား သတင်းများကို တိုက်ရိုက်ဖြန့်ဖြူးပေးမည် ဖြစ်သည်။ ကျောင်းဆရာများသည်လည်း ထိုလှုပ်ရှားမှုများတွင် ပါဝင်မည်ဖြစ်ပြီး သတင်းထုတ်လွှင့်ရေး ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည် ဖြစ်သည်။ ကျောင်းတစ်ကျောင်းလျှင် ၂-ရက်နှုန်းဖြင့် သီးခြားစီဆောင်ရွက်ရန် မျှော်မှန်းထားသည်။ အလားတူရပ်ရွာများ၌ ကြိုတင်ပြင်ဆင်မှု အဆင့်အတွင်းနှင့် ရပ်ရွာနှင့် မြို့နယ်အာဏာပိုင်များ၊ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးစဉ်အတွင်း ရွေးချယ်ထားသော ရပ်ရွာအကူအညီပေးသူများ၏ ပံ့ပိုးမှုဖြင့် ထိုလုပ်ငန်းကို ဆောင်ရွက် သွားမည် ဖြစ်သည်။ ရပ်ရွာအကူအညီပေးသူများနှင့် ကျောင်းဆရာများက အသိအမြင် မြှင့်တင်ရေးလုပ်ငန်းများ

အစနှင့် အဆုံးတို့တွင် ကျောင်းသားများအား မေးခွန်းလွှာများ ဖြန့်ဝေမည် ဖြစ်သည်။ မေးခွန်းလွှာများ ဖြန့်ဝေရခြင်းမှာ မှန်ကန်သောစွန့်ပစ်မှုနှင့် 3Rs အလေ့အကျင့်များ၊ မကောင်းသောအလေ့အကျင့်များ၏ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်ဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များ၊ စွန့်ပစ်ပစ္စည်းများ၏ စီးပွားရေးတန်ဖိုး စသည်တို့ကဲ့သို့သော ဖြေရှင်းဆောင်ရွက်ရမည့် အကြောင်းအရာများနှင့်ပတ်သက်၍ သတ်မှတ်အုပ်စု၏ အစနှင့်အပြီးသတ် အသိပညာဗဟုသုတကို စမ်းသပ်ရန် ဖြစ်သည်။ ကျောင်းအသိအမြင်မြင့်မားရေးနေ့များကို စီမံကိန်းအကောင်အထည်ဖော်မှု၏ ဒုတိယနှင့် တတိယနှစ်အတွင်း ဆောင်ရွက်ရန် မျှော်မှန်းသည်။

**ရပ်ရွာလူထုအသိအမြင်မြင့်မားရေးနေ့များ။** အသိအမြင်မြင့်မားစေသော ရပ်ရွာလူထုနေ့များကို သတ်မှတ်သော မြို့နယ်တစ်ခုချင်းစီတွင် (မြို့နယ်တစ်ခုအတွက် တစ်နှစ်လျှင်တစ်ရက်ဖြင့် သုံးနှစ်အတွက်) စီစဉ်ဆောင်ရွက်မည် ဖြစ်သည်။ သို့ရာတွင် ဤလုပ်ငန်း၏ နယ်ပယ်သည် အသိအမြင် မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြသော မြို့နယ်အဆင့် PCCD ဝန်ထမ်းများအား အထူးသဖြင့် လေ့ကျင့်ပေးပြီး တိုးတက်စေရေးပင် ဖြစ်သည်။ ကြိုတင်ပြင်ဆင်သည့်အဆင့်အတွင်း (CESVI စီမံကိန်းဝန်ထမ်းများနှင့် PCCD အဖွဲ့ဝင်များသည် အစပျိုးဆောင်ရွက်မှုကို တင်ပြရန် အကူအညီတောင်းခံရန်နှင့် အဆိုပြု အစပျိုးလုပ်ငန်းများအတွက် စေတနာ့ဝန်ထမ်းများ သတ်မှတ်ပေးရန်တို့အတွက် ရပ်ကွက်အာဏာပိုင်များ (မြို့နယ်၏ နယ်မြေသတ်မှတ်ရေးတွင် တာဝန်ရှိသော) နှင့် ဆက်သွယ်မည် ဖြစ်သည်။ ဖွင့်လှစ်သောနေ့များကို CESVI က PCCD နှင့် ပူးပေါင်းစီစဉ်မည် ဖြစ်သည်။ ဆောင်ရွက်သည့် လုပ်ငန်းများတွင် သန့်ရှင်းရေးလှုပ်ရှားမှုများနှင့် သတ်မှတ်သောမြို့နယ်များရှိ မဟာဗျူဟာအရ ရွေးချယ်ထားသော နေရာများတွင် သတင်းဌာနများ ထူထောင်ရေးတို့ ပါဝင်သည်။ ထိုသတင်းဌာနများသည် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် SW စွန့်ပစ်မှုအလေ့အကျင့်များနှင့် ပတ်သက်သော လက်ကမ်းစာစောင်များဖြန့်ဝေခြင်း သတင်းအချက်အလက်များ ဖြည့်ဆည်းပေးခြင်း စီမံကိန်းက ပြုစုချမှတ်သော ပြန်လည်ပြုပြင်သုံးစွဲမှု စမ်းသပ်စီမံကိန်းများအား ကြော်ငြာခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။ စီမံကိန်းသည် သန့်ရှင်းရေးလုပ်ငန်းအတွက် အခြေခံပစ္စည်းကိရိယာများနှင့် ရည်ရွယ်ချက်ဖြင့် ထုတ်လုပ်ထားသော IEC နှင့် လှုပ်ရှားမှုမြှင့်တင်ရေးပစ္စည်းများကို ဖြည့်ဆည်းပေးခြင်းဖြင့် ပံ့ပိုးကူညီမည် ဖြစ်သည်။

**IZC အသိအမြင်မြင့်မားရေး။** အထက်တွင်ဖော်ပြခဲ့သော လိုင်သာယာစက်မှုဇုန်တွင် IW အား မှန်ကန်သော ကိုင်တွယ်ဆောင်ရွက်ခြင်းနှင့် လျှော့ချခြင်းအသိအမြင် မြင့်မားရေးဆောင်ရွက်ရန် အထူးသဖြင့် ဆီလျော်ပါသည်။ စီမံကိန်းသည် စက်မှုစွန့်ပစ်ပစ္စည်း၊ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲ ၃-ခုကို လှိုင်သာယာ IZC နှင့်အတူ စီစဉ်ဆောင်ရွက်မည် ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲများကို PCCD နည်းပညာရှင်များက ဆောင်ရွက်မည်ဖြစ်ပြီး ရလဒ် ၁ အရ ရရှိသော အကျိုးကျေးဇူးများနှင့် အထောက်အထားများ အထူးသဖြင့် စက်မှုစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် သက်ဆိုင်သောမဟာဗျူဟာ လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများအား ဆွေးနွေးပွဲ တက်ရောက်သူများသို့ ရှင်းလင်းပြောကြားမည် ဖြစ်သည်။

**ရေဒီယိုလှုပ်ရှားမှုများ။** မီဒီယာ အသုံးပြုခြင်းသည် အသိအမြင်မြင့်မားရေး မဟာဗျူဟာ၏ သဘောထားအမြင်အားလုံးကို ပြည့်စုံပေါင်းစည်းစေမည် ဖြစ်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အကောင်းဆုံးအလေ့အကျင့်များ၊ ပတ်ဝန်းကျင်ယိုယွင်းခြင်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးအပေါ် ယင်း၏သက်ရောက်မှုများ၊ 3Rs အကောင်းဆုံးအလေ့အကျင့်များ၊ စီမံကိန်းကဆောင်ရွက်သော အစပျိုးစမ်းသပ်မှုများအကြောင်းတို့နှင့်ပတ်သက်၍ ရေဒီယိုမှ ပုံမှန်ထုတ်လွှင့်မှု အစီအစဉ်ကို ၃-နှစ်တာကာလအတွင်း ဆောင်ရွက်မည် ဖြစ်သည်။ ရေဒီယိုသတင်းများ၏ အကြောင်းအရာနှင့်ပုံစံကို ဆက်သွယ်ရေးအတိုင်ပင်ခံက သတ်မှတ်မည့်ပရိသတ်၏ စရိုက်လက္ခဏာများကို ထည့်သွင်းစဉ်းစားကာ ရေးဆွဲပြုစုမည် ဖြစ်

သည်။ ၃-နှစ်တာကာလအတွင်း အသိအမြင်မြင့်မားရေး သတင်းများထုတ်လွှင့်ခြင်း (တစ်ကြိမ်လျှင် ၅-မိနစ်) ကို စုစုပေါင်း အကြိမ် ၃၀၀ (သီတင်းပတ်အတွင်း နေ့စဉ်နှုန်းဖြင့် နှစ်စဉ် ၃-လအတွက်)နှင့် သတ်မှတ်မြို့နယ်များရှိ နိုင်ငံသားများနှင့် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများနှင့် တွေ့ဆုံမေးမြန်းခန်း (တစ်ကြိမ်လျှင် မိနစ် ၃၀) အစီအစဉ် ၁၅-ခု ဆောင်ရွက်ရန် မျှော်မှန်းထားသည်။ သတ်မှတ်သောရေဒီယိုမှာ ရန်ကုန်မြို့တော်တစ်ဖုမ်းလုံးကို လွှမ်းခြုံသော YCDC ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ Radio City FM ဖြစ်ပြီး ရန်ကုန်အတွင်းရှိ မြို့အားလုံး ကို လွှမ်းခြုံမိကာ အောက်ပါပရိသတ်များကို ကြေငြာပေးနိုင်သည်။

- ကားပိုင်ရှင် ၈၀,၀၀၀ ၊ ကားစီးခရီးသည် နေ့စဉ်သန်းကျော်ရှိသော အများပြည်သူသုံးဘက်စ်ကားများ၊ Taxi ၂၀,၀၀၀၊ အိမ်ထောင်စုပေါင်း ၇၅၀,၀၀၀။
- လက်ဘက်ရည်နှင့် စားသောက်ဆိုင် ၁၀,၀၀၀ ၊ ဟိုတယ် ၁၅၀ နှင့် စီးပွားရေးလုပ်ငန်း ၃၀,၀၀၀။
- Radio City FM သည် ရန်ကုန်မြို့တော်တွင် လွှမ်းမိုးမှုအကျယ်ပြန့်ဆုံး ဖြစ်သည်။ စီမံကိန်းဝန်ထမ်းများ၏ အဆိုအရ နားဆောတဆင်သူပေါင်း အနည်းဆုံး ၂,၀၀၀,၀၀၀ ခန့် ရှိသည်။

**လုပ်ငန်းတစ်ခုချင်းစီကို ယင်းတို့အား အကောင်အထည်ဖော်သည့် အချိန်တွင် သီးခြားခွဲခြား ဖော်ပြသွားမည် ဖြစ်ပြီး လုပ်ငန်းနှင့်ပတ်သက်သော ထုတ်လုပ်သည့် အထောက်အထားများနှင့် အသုံးအဆောင်ကိရိယာများကို စီမံကိန်း အစီရင်ခံစာများတွင် နောက်ဆက်တွဲ ဖော်ပြသွားမည် ဖြစ်သည်။**

## ပါဝင်ဆောင်ရွက်သူများ

၂၀၁၃-ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပခဲ့သော **"စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတွင် အကောင်းဆုံးအလေ့အကျင့်များဆိုင်ရာ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုအတွက် အဓိကသတင်းစကားများနှင့် မဟာဗျူဟာသတ်မှတ်ခြင်း"** အလုပ်ရုံဆွေးနွေးပွဲ၌ ရယူခဲ့သော ဆုံးဖြတ်ချက်များအရ စီမံကိန်းလုပ်ဖော်ကိုင်ဘက်များက ပင်မနှင့် ဒုတိယသတ်မှတ် အုပ်စုများကို ခွဲခြားခဲ့သည်။

ပါဝင်ဆောင်ရွက်သူများ

| | ကျောင်း SWM နေ့များ | ရပ်ရွာလူထု SWM နေ့များ | IZC SWM အသိအမြင်မြင့်မားရေး | SWM ရေဒီယို လှုပ်ရှားမှု |
|---|---|---|---|---|
| ပင်မရည်ညွှန်းရာ | မူလတန်း = ၄-၅ နှင့် အလယ်တန်း = ၇-၈ ကျောင်းသားများ (အထက်တန်း ကျောင်းသားများကို ထည့်သွင်း စဉ်းစားနိုင်သည်။) | အိမ်ထောင်စုများ၊ ဈေးဆိုင်ပိုင်ရှင်များ၊ CBOများနှင့် အမျိုးသမီးများအဖွဲ့ | ၇ IZ နှင့် ၃ IZ စီမံအုပ်ချုပ်မှု ကော်မတီများ (HTY) | အမျိုးသမီးများ၊ အိမ်ထောင်စုများ |
| ဒုတိယ ရည်ညွှန်းရာ | မိဘနှင့် ဆရာမများ | မြို့နယ်၏ အထွေထွေလူဦးရေ | စက်ရုံပိုင်ရှင်များ | YC ၏ လူဦးရေအားလုံး |

| | | | | |
|---|---|---|---|---|
| အထောက်အပံ့ပြုသူများ/စေတနာ့ဝန်ထမ်းများ/ပါဝင် သောသူများ | ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာများ၊ မိဘဆရာအသင်းနှင့် ကျောင်းအထောက်အကူပြုကော်မတီများ | CBOs နှင့် အမျိုးသမီးများအဖွဲ့၊ ရပ်ရွာဖွံ့ဖြိုးရေးကော်မတီ၊ မြို့နယ်အာဏာပိုင်များ | ဖုန်စီမံအုပ်ချုပ်မှုကော်မတီများ၊ စက်ရုံပိုင်ရှင်များ | SWM လုပ်ငန်းနှင့် ပတ်သက်နေသူများ |
| အာဏာပိုင်များ | မြို့နယ်ပညာရေးမှူးများ (လုပ်ငန်းများလုပ်ဆောင်ခွင့်အတွက် ရုံးဖွင့်ရက် ၃-ရက်)နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ | မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများ (အလုပ်လုပ်ရက်၃-ရက်) | | (ရေဒီယိုလုပ်ဖော်ကိုင်ဘက်များတွင် လှုပ်ရှားမှု၏ အခြေခံမှုများနှင့်ညီညွတ်သောဌာနတွင်းစည်းမျဉ်းစည်းကမ်းရှိမှု သေချာပါစေ။) |
| PCCD-YCDC | ရုံးချုပ်အရာရှိများ၊ ခရိုင်အရာရှိများနှင့် မြို့နယ်ကြီးကြပ်ရေးမှူးများ/ဝန်ထမ်းများ၊ YCDC မြို့နယ် အမှုဆောင်အရာရှိများ။ | ရုံးချုပ်အရာရှိများ၊ ခရိုင်အရာရှိများနှင့် မြို့နယ်ကြီးကြပ်ရေးမှူးများ/ဝန်ထမ်းများ၊ YCDC မြို့နယ် အမှုဆောင်အရာရှိများ။ | ရုံးချုပ်အရာရှိများ၊ ခရိုင်အရာရှိများနှင့် မြို့နယ်ကြီးကြပ်ရေးမှူးများ/ဝန်ထမ်းများ၊ YCDC မြို့နယ် အမှုဆောင်အရာရှိများ။ | PCCD HQ |
| Media | တရားဝင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာ (PCCD နှင့် ဆက်သွယ်ထားသော) | တရားဝင်မီဒီယာနှင့် ပုဂ္ဂလိကမီဒီယာ (PCCD နှင့် စာချုပ်ထားသော) | မရှိ | ရေဒီယိုလုပ်ဖော်ကိုင်ဘက် |

**ကျောင်းသားများ**

SWM အသိအမြင်လှုပ်ရှားမှု ကျောင်းနေ့များတွင် ကျောင်းသားများသည် ပင်မပစ်မှတ်ထားရာအုပ်စုဖြစ်သည်။ ၃-မြို့နယ်ရှိ ၄-တန်းမှ ၉-တန်းအထိ ကျောင်းသား ၄,၀၀၀ ကို သတ်မှတ်ထားသည်။ ကျောင်း SWM အသိအမြင် လှုပ်ရှားမှုနေ့များအတွင်း မိန်းကလေးနှင့် ယောကျ်ားလေးတန်းတူ ပါဝင်ဆောင်ရွက်မှုနှင့် ကျား-မ ဟန်ချက်ညီမျှမှု သေချာစေရန် စီမံကိန်းက ဆောင်ရွက်မည် ဖြစ်သည်။ ရပ်ရွာလူထု **SWM** အသိအမြင်လှုပ်ရှားမှုနေ့များတွင်လည်း ပါဝင်ဆောင်ရွက်ရန် ကျောင်းသားများနှင့် ကလေးငယ်များကို တိုက်တွန်းအားပေးသွားမည် ဖြစ်သည်။

**အရွယ်ရောက်ပြီးသူများ (ဈေးဆိုင်ရှင်များနှင့် မိဘဆရာအသင်းများအပါအဝင် အများပြည်သူလူထု)**

မြို့နယ်များ၏ အများပြည်သူလူထုသည် ရပ်ရွာလူထု SWM နေ့များ၏ ပင်မပစ်မှတ်ထားရာအုပ်စု ဖြစ်သည်။ အများပြည်သူလူထုအတွင်း စီမံကိန်းသည် အထူးသဖြင့် အသက် ၁၈-နှစ်မှ ၃၀-နှစ်ကြားရှိ လူငယ်များနှင့် အမျိုးသမီးများကို အုပ်စုခွဲများအဖြစ် သတ်မှတ်ပါသည်။

မိဘဆရာအသင်းဝင်များကဲ့သို့သော အရွယ်ရောက်ပြီးသူများသည်လည်း ကျောင်းSWMနေ့များတွင် ဒုတိယပစ်မှတ်ထားရာ အုပ်စုများ ဖြစ်ကြပါသည်။

IZC နှင့် စက်ရုံပိုင်ရှင်များကိုလည်း ထိုအုပ်စုအတွင်း သတ်မှတ်ပါသည်။

## အမျိုးသမီးများနှင့် မိန်းကလေးများ

အမျိုးသမီးများနှင့် မိန်းကလေးများသည် အရေးကြီးသော ပါဝင်သူများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့သည် မိသားစုတစ်ခုလုံး၏ကိုယ်စား စွန့်ပစ်ပစ္စည်းများ ဖြေရှင်းမှုကို တာဝန်ယူရသော အုပ်စုခွဲငယ်ဖြစ်သည်။ ထို့ကြောင့် SWM ၏ အမှုအကျင့်ကောင်းများဆိုင်ရာ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား အရေးကြီးသောအုပ်စုခွဲအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် အောက်ပါတို့ကို ရည်ညွှန်းသည်။

(၁) အသိအမြင်မြင့်မားရေး လှုပ်ရှားမှု၏ အချို့သတင်းစကားများကို အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးများထံသို့ ရောက်ရှိစေရန် ပြုစုမည် ဖြစ်သည်။

(၂) အိမ်ထောင်စုအဆင့်တွင် စွန့်ပစ်ပစ္စည်းဖြေရှင်းမှု၌ အမျိုးသမီးများအားပံ့ပိုးရာတွင် ပိုမိုတက်ကြွသော ကဏ္ဍတွင် ပါဝင်စေရန် အမျိုးသားများကို တိုက်တွန်းသွားမည်။

(၃) အသိအမြင်မြင့်မားရေးလှုပ်ရှားမှုကို လုပ်ငန်းတစ်ခုချင်းစီ၌ အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်မှုသေချာအောင် စီစဉ်ဆောင်ရွက်မည် ဖြစ်သည်။

## လုပ်ငန်းအထောက်အပံ့ပြုသူများ

စီမံကိန်းအဖွဲ့သည် အစီအစဉ်၌ ပြည်သူလူထုကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်မှု သေချာစေရေးကို ရည်ရွယ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်လာစေရန် စီမံကိန်းဝန်ထမ်းများ အထူးသဖြင့် ရပ်ရွာအကူအညီပေးသူများကို လှုပ်ရှားမှုများတွင် ရပ်ရွာလူထု SWM နေ့များတွင် ပါဝင်ဆောင်ရွက်နိုင်သော **စိတ်ဝင်စားသောအုပ်စုများ** ဟု သတ်မှတ်ဖော်ထုတ်ထားရမည်။ ထိုအုပ်စုများသည် CBOများ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ အလုပ်သမားအစည်းအရုံးများ၊ အမျိုးသမီးအုပ်စုများ၊ ဘာသာရေးနှင့် သို့မဟုတ် ယဉ်ကျေးမှုအခြေခံအဖွဲ့အစည်းများ စသည်တို့ ဖြစ်နိုင်သည်။ အဆိုပါ အမျိုးအစားတွင် မိဘဆရာအသင်းများလည်း ပါဝင်သည်။ ထိုအုပ်စုများသည် အသိအမြင်မြင့်မားရေးလှုပ်ရှားမှုများတွင် တစ်ချိန်တည်းမှာပင် အထောက်အကူပြုသူများနှင့် ခံစားရသူများ ဖြစ်ကြသည်။

## အာဏာပိုင်များ

ထိုလှုပ်ရှားမှုများ ဆောင်ရွက်ရေးနှင့် ထိုလုပ်ငန်းများကို ပံ့ပိုးပေးရေးအတွက် ဆောင်ရွက်ခွင့်ရရှိမှုတွင် မြို့နယ်အာဏာပိုင်များနှင့် မြို့နယ်ပညာရေးမှူးများ ပါဝင်သည်။ ၄င်းတို့အား အသိအမြင်မြင့်မားရေးလှုပ်ရှားမှု၏ တစ်ဆင့်ခံ ခံစားရသူများအဖြစ် သတ်မှတ်သည်။

## PCCD

PCCD ရုံးချုပ်နှင့် မြို့နယ်အဆင့် ဝန်ထမ်းများသည် ဤစီမံကိန်း၏ လုပ်ဖော်ကိုင်ဘက်များ ဖြစ်သည်။ ထိုလုပ်ငန်းများအတွက် ဆောင်ရွက်ခွင့်ရရှိမှုနှင့်ပတ်သက်၍ ဒေသခံအာဏာပိုင်များနှင့် ဆက်ဆံရေးကို ၄င်းတို့က တာဝန်ယူမည် ဖြစ်သည်။ သို့ရာတွင် မူလအခြေခံအားဖြင့် ၄င်းတို့သည် စီမံကိန်းပြီးဆုံးသည့်နောက်ပိုင်းအထိ ဆောင်ရွက်ရန် တာဝန်ရှိရာ လှုပ်ရှားမှုအားလုံး၏ ကြိုတင်ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော်ရေးတို့တွင် ပို၍ ပို၍ ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်သည်။

**မီဒီယာ**

အသိအမြင်မြင့်မားရေး လှုပ်ရှားမှုတွင် မီဒီယာ၌ အလွန်အရေးကြီးသော ကဏ္ဍတစ်ရပ် ရှိသည်။ စီမံကိန်းသည် အသံလွှင့်မီဒီယာနှင့် ပုံနှိပ်မီဒီယာနှစ်ရပ်စလုံးနှင့် လုပ်ဖော်ကိုင်ဘက် ဖြစ်သည်။

စီမံကိန်း၏ **ဆက်သွယ်ရေးနှင့် သိမြင်ရေးစီမံချက်က** စီမံကိန်းတွင် မီဒီယာ၏ အခန်းကဏ္ဍကို ဖော်ပြသည်။

မီဒီယာတွင် စီမံကိန်း၌ အခန်းကဏ္ဍ ၂-ရပ် ရှိသည်။ (က) အသိအမြင်မြင့်မားရေးလှုပ်ရှားမှုသတင်းစကားများ ရှေ့တန်းသို့ ရောက်ရှိစေရေးနည်းလမ်းဖြစ်ပြီး (ခ) ၎င်းတို့သည် SWM အဖွဲ့ကဆောင်ရွက်သော လုပ်ငန်းများကို စီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး သတင်းပေးအစီရင်ခံသည့် နည်းလမ်းဖြစ်သည်။

**အဓိကသတင်းစကားများ**

အသိအမြင်မြင့်မားရေးလှုပ်ရှားမှုကို အခြားလမ်းကြောင်းများမှ တစ်နည်းနည်းဖြင့် ရရှိနိုင်သော SWM အကောင်းဆုံး အလေ့အကျင့်များဆိုင်ရာ ယေဘုယျသတင်းအချက်အလက်များထက် အနည်းငယ်မျှသော ရှင်းလင်း၍ အသေးစိတ်တိကျသည့် အဓိကသတင်းအချက်အလက်များပေါ်တွင် အခြေခံတည်ဆောက်သည်။

အဓိကသတင်းများတွင် အောက်ပါနယ်ပယ် ၃-ခု ပါဝင်သည်။

**(က) 3R -လျှော့ချခြင်း၊ ပြန်၍အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်အသုံးပြုခြင်း — ယင်းကို 5R အဖြစ် လျှော့ချခြင်း၊ ပြန်၍အသုံးပြုခြင်း၊ ပြန်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ပြုပြင်အသုံးပြုခြင်းဟူ၍ ပညာပေးရန် ချဲ့ထွင်နိုင်သည်။**

ဤနယ်ပယ်မှ တိုးတက်စေလိုသော အမြင်မှာ (က) စွန့်ပစ်ပစ္စည်း လျော့ပါးစေခြင်းနှင့် (ခ) စွန့်ပစ်ပစ္စည်းတွင် စီပွားရေးတန်ဖိုးရှိခြင်းပင် ဖြစ်သည်။

ဤအမျိုးအစားအရ 3R/5R သတင်းများကို ကျောင်းအသိအမြင်မြင့်မားရေးလှုပ်ရှားမှု၊ ရပ်ရွာလူထု အသိအမြင်မြင့်မားရေးနေ့များနှင့် မီဒီယာများမှတစ်ဆင့် ရပ်ရွာတစ်ခုလုံးသို့ ဖြန့်ဝေမည် ဖြစ်သည်။ ဤနယ်ပယ်၏ သတင်းများသည် အကျိုးကျေးဇူးခံစားရသူများအားလုံးကို ဦးတည်မည် ဖြစ်သည်။

**(ခ) စွန့်ပစ်ပစ္စည်းခွဲခြားမှုတွင် အကောင်းဆုံးအလေ့အကျင့်များ — အခြောက်စွန့်ပစ်ပစ္စည်းနှင့် အစိုစွန့်ပစ်ပစ္စည်း/ ပြန်လည်ပြုပြင်အသုံးပြုခြင်း၊ စွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်း**

ထိုနယ်ပယ်နှင့်ပတ်သက်၍ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုများသည် အောက်ပါတို့အပေါ် အသိအမြင်မြင့်တက်လာစေသည်။

- (၁) အမှိုက်အခြောက်နှင့်အစို စွန့်ပစ်ပစ္စည်းခွဲခြားခြင်း
- (၂) ပြန်လည်ပြုပြင်အသုံးပြုနိုင်သော ပစ္စည်းများကို ခွဲခြားစုစည်းခြင်း (စက္ကူ၊ ပလပ်စတစ်၊ ကတ်ထူပြား၊ ဖန်၊ သံဖြူဗူးခွံ စသည်)
- (၃) ပလပ်စတစ်အိတ်များကို မှန်ကန်သောအသုံးပြုမှု (ချည်နှောင်ခြင်း၊ မှန်ကန်သောအရောင်နှင့် ယိုစိမ့်မှုမရှိစေခြင်း)
- (၄) နေရာမှန်နှင့် အချိန်မှန်စွန့်ပစ်ခြင်း
- (၅) မြို့နယ်/ရပ်ကွက်/လမ်းအတွင်းရှိ အမှိုက်သိမ်းဆည်းမှုအတွက် မှန်ကန်သောနည်းလမ်း (ခေါင်းလောင်းတီးအချက်ပေးစနစ်၊ ယာယီအမှိုက်ကန်သို့ သွားရောက်ခြင်း စသည်) ကို လေ့လာသင်ယူခြင်း

ဤနယ်ပယ်မှ တိုးတက်စေလိုသောအမြင်မှာ (က) စွန့်ပစ်ပစ္စည်းလျော့ပါးစေခြင်း၊ (ခ) လူအများသည် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရှုထောင့်မှ PCCD ဝန်ထမ်းများ၏ လုပ်ငန်းအခြေအနေများ တိုးတက်လာစေရေးကို ပံ့ပိုးကူညီနိုင်စေခြင်းနှင့် (ဂ) အမှိုက်သရိုက်များနှင့် စွန့်ပစ်ပစ္စည်းများ ဖြေရှင်းဆောင်ရွက်ရေးတွင် နိုင်ငံသားများသည် ၎င်းတို့၏ ဂတ္တရားများကို ပိုမိုသတိပြုတာဝန်သိလာစေခြင်းတို့ ဖြစ်သည်။

ထိုသတင်းစကားများကို ကျောင်းနေ့ရက်များ၊ ရပ်ရွာလူထုနေ့ရက်များနှင့် မီဒီယာများမှတစ်ဆင့် ဦးတည်သော ရပ်ရွာလူထုများ (ကျောင်းသားကလေးငယ်များ၊ လူကြီးများ၊ အမျိုးသမီးများစသည်) သို့ ဖြန့်ဖြူးမည်ဖြစ်သည်။ ပြန်လည်အသုံးပြုမည့် ပစ္စည်းများ ခွဲခြားစုစည်းမှု (အချက် (ခ)-၂) သည် စက်မှုဖုန်ကော်မတီသို့ ရည်ရွယ်ပါသည်။

### (ဂ) မြို့တော်သန့်ရှင်းရန် အမှိုက်သရိုက်စွန့်ပစ်မှုအလေ့အကျင့်များတိုးတက်လာခြင်း

ဤနယ်ပယ်နှင့်ပတ်သက်၍ အသိအမြင်လှုပ်ရှားမှုသည် အောက်ပါတို့အပေါ် အသိအမြင်မြင့်တက်လာစေသည်။

(၁) လမ်းများအတွင်းနှင့် အခြားသောအများသုံးနေရာများတွင် PCCD က ဆောင်ရွက်ပေးထားသော အမှိုက်ပုံးများကို အသုံးပြုရေးနှင့် ယင်းတို့ကို ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း မပြုရေး၊

(၂) အများပြည်သူနေရာများတွင် အမှိုက်သရိုက်များ မပစ်ချခြင်းဖြင့် မြို့တော်သန့်ရှင်းရေးကို တာဝန်ယူနေသော ဝန်ထမ်းများအား လေးစားအကူအညီပေးရေး၊

(၃) 5R ကို လိုက်နာရေးနှင့် ဖြစ်နိုင်ပါက အများပြည်သူနေရာများတွင် စွန့်ပစ်ပစ္စည်းများ ခွဲခြားထားရေး၊

(၄) ရေဆင်း တူးမြောင်းများ၊ ချောင်းများနှင့် မြစ်များအတွင်း အမှိုက်သရိုက်များ မပစ်စေရေး။

ဤနယ်ပယ်မှ တိုးတက်စေလိုသောအမြင်မှာ (က) မြို့တော်သန့်ရှင်းမှုထိန်းသိမ်းရေးနှင့် PCCD လမ်းသန့်ရှင်းရေးလုပ်သားများ၏ သန့်ရှင်းရေးဝန်ထုပ်ဝန်ပိုး လျှော့ချရေးတို့တွင် နိုင်ငံသားများ၌ အဓိကကျသော အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများရှိခြင်း၊ (ခ) ပြည်သူလူထုက ရေနုတ်မြောင်းစနစ်များ၊ တူးမြောင်းများဆို့ပိတ်မှု မဖြစ်ပေါ်စေခြင်းနှင့် ချောင်းများနှင့် မြစ်များ ညစ်ညမ်းမှုကို မဖြစ်ပေါ်စေခြင်းတို့ ဖြစ်သည်။

ကျောင်းအသိအမြင်လှုပ်ရှားမှုနေ့များနှင့် ရပ်ရွာလူထုအသိအမြင်လှုပ်ရှားမှုနေ့များမှတစ်ဆင့် အဆိုပါ သတင်းများကို ကျယ်ပြန့်သော ရပ်ရွာလူထုသို့ အထူးသဖြင့် ကလေးငယ်များနှင့် လူငယ်များသို့ ဦးတည်ဖြန့်ဖြူးမည် ဖြစ်သည်။

## အသုံးအဆောင်ကိရိယာများ

CESVI နှင့် PCCD စီမံကိန်းအဖွဲ့သည် အောက်ပါ IEC ပစ္စည်းများကို ပြုစု၊ အပြီးသတ်စစ်ဆေး၊ ပုံနှိပ်ပြီး လုပ်ငန်းများအတွက် ၂၀၁၃-ခုနှစ်ကုန်တွင် ရရှိရန် သတ်မှတ်ထားသည်။

(၁) သတ်မှတ်မြို့နယ် ၃-ခုရှိ အချက်အချာနေရာများတွင် ပြက္ခဒိန်တစ်ခုကို ဖြန့်ဖြူးမည်ဖြစ်ပြီး ကြွေးကြော်သံ၊ အမှတ်လက္ခဏာနှင့် လှုပ်ရှားမှု၏ အဓိကသတင်းစကား ၃-၂-ခုကို သရုပ်ဖော်ထားမည် ဖြစ်သည်။ ပြက္ခဒိန်သည် ၁-မျက်နှာပိုစတာပုံစံ ဖြစ်မည်။ ပြက္ခဒိန်ကို ၂၀၁၄-ခုနှစ်နှင့် ၂၀၁၅-ခုနှစ် တို့တွင် မိတ္တူများ ပုံနှိပ်နိုင်မည် ဖြစ်သည်။

(၂) အဓိကသတင်းစကားများအတွက် ပြုစုထားသော လက်ကမ်းစာစောင် ၃-ခုကို ဇရိယာ ၃-ခုအနက် တစ်ခုလျှင် တစ်မျိုးစီ။
(၃) တတိယတန်းမှ အဋ္ဌမတန်းကျောင်းသားများအတွက် သတ်မှတ်သောကျောင်းသားများ၏ အသက်အရွယ်နှင့်ကိုက်ညီသော ခေါင်းစဉ်များဖြင့် ပြုစုထားသည့် ပညာရေးပစ္စည်းများ၊
(၄) ရေဒီယိုအစီအစဉ်များနှင့် တွေ့ဆုံမေးမြန်းခန်းများ ခြင်းချက်အားဖြင့် မြှင့်တင်ရေးဗီဒီယိုများ၊
(၅) သတင်းစာများနှင့် ရေဒီယိုမှတစ်ဆင့် အသိအမြင်မြှင့်တင်သော ဓာတ်ပုံနှင့် စာစီစာကုံးပြိုင်ပွဲများ ခေါ်ယူခြင်း၊
(၆) စီမံကိန်းဂက်ဘ်ဆိုက်မှတစ်ဆင့် အသိအမြင်မြင့်မားရေး၊ အခြားရွေးချယ်စရာဖြင့် ရည်စူးထားသော ဖေ့စ်ဘွတ်အသိအမြင်လှုပ်ရှားမှုပေ့ချ်၊
(၇) ရှင်းလင်းသောသတင်းစကားများပါသည့် တီ-ရှပ်၊ အိတ်တို့ကဲ့သို့သော သိမြင်မှုပံ့ပိုးသည့်ပစ္စည်းများ၊
(၈) အခြားစီမံကိန်းလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအရ၊ လှုပ်ရှားမှုအတွက် အသုံးပြုနိုင်သော အခြား ဖြည့်စွက်ပစ္စည်းများ။

## အသိအမြင်မြင့်မားရေးလှုပ်ရှားမှု၏ MELS [MELS မှုဘောင်မှု]

စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သတ်မှတ်ခြင်း၊ သင်ယူခြင်းနှင့် မျှဝေခြင်းမှုဘောင်သည် မဟာဗျူဟာဖွဲ့စည်းခြင်း နှင့် သတ်မှတ်ခြင်း စောင့်ကြည့်စစ်ဆေးခြင်း၊ အကဲဖြတ်သတ်မှတ်ခြင်း၊ သင်ယူခြင်းနှင့် မျှဝေခြင်းတို့နှင့်ဆက်စပ်သော လုပ်ငန်းစဉ်များ၊ မှတ်တမ်းမှတ်ရာများ အသိအမြင်မြင့်မားရေးလှုပ်ရှားမှုပါဝင်သော ပုံစံပြုဖွဲ့စည်းတည်ဆောက်ထားသောစီမံကိန်း၏ ဖြစ်ထွန်းမှုများနှင့် အကျိုးရလဒ်များ အတွက် ပြင်ဆင်ထားသော စာရွက်စာတမ်းတခုဖြစ်သည်။

LOGFRAME (လုပ်ငန်းစဉ်စီစဉ်မှုဇယား) နှင့် PAF (စွမ်းဆောင်ရည်စစ်ဆေးမှုဖောင်) တို့၏ ညွှန်းကိန်းများကို ကနဦးနှင့် အဆုံးသတ်စစ်တမ်းများပြုစုရာတွင် ထည့်သွင်းစဉ်းစားထားသည်။ ကနဦးနှင့် အဆုံးသတ်စစ်တမ်းများအား စီမံကိန်းအစနှင့်အဆုံးရှိ စီမံကိန်း အကြောင်းအရာများနှင့်ဆက်စပ်သော အခြေအနေများ၏ အသွင်သဏ္ဍာန်ကို နားလည်သဘောပေါက်စေရန် အကျိုး ကျေးဇူးခံစားရသူများ အထူးသဖြင့် ကျောင်းသားများနှင့်ပတ်သက်၍ ဗဟုသုတ၊ သဘောထား၊ အလေ့အကျင့်နှင့် အပြုအမူ (KAPB လေ့လာမှုများ) တွင် ခြားနားမှုများကို စီမံကိန်းက ဆန်းစစ်ခြင်းဖြင့် ပြောင်းလဲမှုများကိုဖော်ပြရန် ပြုလုပ်ခြင်း ဖြစ်သည်။ ကနဦးနှင့် အဆုံးသတ်စစ်တမ်းများ၏ အချက်အလက်များအကြား နှိုင်းယှဉ်ခြင်းသည် စီမံကိန်း၏ အပြီးသတ်အကဲဖြတ်သတ်မှတ်မှုကို သိရှိစေပေသည်။ ကနဦးနှင့် အဆုံးသတ်စစ်တမ်းများများတွင် အကျိုးကျေးဇူးခံစားရသူများ သို့မဟုတ် အချို့သောသီးခြားအုပ်စုခွဲများနှင့် အခြားသော ပါဝင်ဆောင်ရွက်သူများအား အဖွင့်နှင့် အပိတ်မေးခွန်းများ၊ အုပ်စုဆွေးနွေးပွဲများနှင့် စူးစမ်းလေ့လာမှုများ ပါဝင်သည်။ စီမံကိန်းအဖွဲ့သည် LOGFRAME နှင့် PAF တို့၏ ရွေးချယ်ထားသော ညွှန်းကိန်းများ၏ အခြေခံနှင့်ပတ်သက်၍ ယင်းတို့အား သဘောပေါက်စေရန် ကနဦးနှင့် အဆုံးသတ်စစ်တမ်းများကို ပြုစုရေးဆွဲကြမည် ဖြစ်သည်။

**အထူးသဖြင့် SWM အသိအမြင်လှုပ်ရှားမှုနှင့်ပတ်သက်သော LOGFRAME ၏ ညွှန်းကိန်းများမှာ -**

**အလုံးစုံရည်ရွယ်ချက်**

မြန်မာနိုင်ငံရှိ မူဝါဒများနှင့် အစီအစဉ်များအတွင်းသို့ ပတ်ဝန်းကျင်ကာကွယ်ရေး အခြေခံမှုများ ပေါင်းစည်းရေးကို အထောက်အကူပြုစေရန်

**ညွှန်းကိန်း (၁၀၃)။** အခြားနယ်မြေများတွင် SWM မြင့်တင်ပေးမှုအစပျိုးလုပ်ငန်းများ၏ ပုံတူပွားမှုအလားအလာ (အသိအမြင်မြင့်မားရေးလုပ်ငန်းများနှင့်ပတ်သက်၍)

**အသေးစိတ်ရည်ရွယ်ချက်**

စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ရန်ကုန်မြို့တော်ရှိ ဒေသခံအာဏာပိုင်များ၏ စွမ်းရည်များ ခိုင်မာတောင့်တင်း စေရန်

**ညွှန်းကိန်း (၄၁၃)။** နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအထိတိုင်အောင် အိမ်ထောင်စုနှင့် စက်မှုစွန့်ပစ်ပစ္စည်းစီးဆင်းမှု၏ စီမံခန့်ခွဲရေးအတွက် စီမံကိန်းအဆိုပြု အကြံပြုချက်များ ရယူသုံးစွဲမှု အခြေအနေ။

**ရလဒ် (၃)။**

SWM ၏ အကောင်းဆုံးအလေ့အကျင့်များနှင့်ပတ်သက်၍ ရပ်ရွာလူထုအသိအမြင်တိုးတက်သည်။

**ညွှန်းကိန်း (R ၃-၂)။** စီမံကိန်းပြီးဆုံးချိန်တွင် အသိအမြင်လှုပ်ရှားမှုများမှရရှိသော အကြောင်းအရာများနှင့် ပတ်သက်၍ ပစ်မှတ်ထားသော ကျောင်းသားများ၏ အသိပညာဗဟုသုတတွင် ပျမ်းမျှအားဖြင့် သိသာစွာ မြင့်မားလာသည်။

**ညွှန်းကိန်း (R ၃-၃)။** စီမံကိန်းပြီးဆုံးချိန်တွင် စီမံကိန်းနည်းပြများသင်တန်းနှင့်ပတ်သက်၍ PCCD ပါဝင်ဆောင်ရွက်သူများ သိမြင်နားလည်မှုအရည်အသွေးသည် ၎င်းတို့၏ အများစုအတွက် တိုးတက်သည်။

**SWM အသိအမြင်နှင့်ပတ်သက်သော PAF မှ ညွှန်းကိန်းများမှာ**

**ရလဒ် - ၃။ SWM ၏ အကောင်းဆုံးအလေ့အကျင့်များနှင့်ပတ်သက်၍ ရပ်ရွာလူထု၏ အသိအမြင်တိုးတက်ပြီး -**

- "ပတ်ဝန်းကျင်ဆိုင်ရာ" ပြဿနာကို ကျောင်းသားကလေးငယ်များ သိမြင်သဘောပေါက်မှုနည်းလမ်းများတွင် ပြောင်းလဲမှုများဖြစ်ပေါ်လာပြီး SWM ရှိ အကောင်းဆုံးအလေ့အကျင့်များကို သိရှိလာသည်။
- စွန့်ပစ်ပစ္စည်းလျှော့ချရေးနှင့် မြို့တော်သန့်ရှင်းရေး ထိန်းသိမ်းမှုတွင် လူကြီးများနှင့် ကလေးငယ်များသည် ကူညီပံ့ပိုးမှုများတွင် ပြောင်းလဲမှုများ
- စွန့်ပစ်ပစ္စည်းလျှော့ချရေးနှင့် မြို့တော်သန့်ရှင်းရေးထိန်းသိမ်းမှုတွင် သက်ဆိုင်ရာကော်မတီများနှင့် အုပ်စုများသည် ကူညီပံ့ပိုးသည့်နည်းလမ်းများတွင် ပြောင်းလဲမှုများ (အသိအမြင်လှုပ်ရှားမှုများမှတစ်ဆင့်)

**နှင့် တိုက်ရိုက်နည်းလမ်းနည်းပါးမှုတွင်**

**ရလဒ် - ၅။ တိုးတက်သောမျှတမှု (စီးပွားရေးထိခိုက်လွယ်မှု၊ ကျား-မ၊ မသန်စွမ်းမှုများ) [ပေါင်းစည်းမှု]**

- စီးပွားရေးအရ ထိခိုက်လွယ်သူများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနေထိုင်မှုကို တိုးတက်စေရာတွင် SWM အကောင်းဆုံးအလေ့အကျင့်များအား ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ပြောင်းလဲမှု များ။
- လူမှုရေးအရ ထိခိုက်လွယ်သောလူများ/အုပ်စုများသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းနေထိုင်မှုကို တိုးတက်စေရာတွင် SWM အကောင်းဆုံးအလေ့အကျင့်များအား အထောက်အကူပြုခြင်းအားဖြင့် ပြောင်းလဲမှုများ

**ရလဒ် - ၆။ တိုးတက်သော SWM အခြေခံ (သင်ယူခြင်းနှင့် မျှဝေခြင်း)**

- သက်ဆိုင်သော ပါဝင်ဆောင်ရွက်သူများက SWM အား သဘောပေါက်သိမြင်သော နည်းလမ်းများတွင် ပြောင်းလဲမှုများ (အစိုးရအလုပ်ရှင်များ၊ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်သူများ၊ ပုဂ္ဂလိက ကဏ္ဍ)
- မီဒီယာတွင် SWM အား ပုံဖော်သော နည်းလမ်းများတွင် ပြောင်းလဲမှုများ။

Partners

In collaboration with

Donors

This project is funded by the European Union